FOR THE BRAVE

# HONOR မှ အရှေ့တောင်အာရှတွင် ဈေးကွက်ချဲ့ထွင်မှု ခြေလှမ်းတစ်ရပ် စတင်

*မြန်မာနိုင်ငံမှ အသုံးပြုသူများအတွက် ခေတ်မီဆန်းသစ်မှု အပြည့်ရှိပြီး ဈေးနှုန်းအသက်သာဆုံး စမတ်ဖုန်းများအား စတင်ပေးအပ်*

**ရန်ကုန်၊ မြန်မာ၊ ဇန်နဝါရီလ ၂၈ ရက်၊ ၂၀၁၈ ခုနှစ်** - လူငယ်ဆန်၊ ဆန်းသစ်တီထွင်မှု ပြည့်ဝပြီး ခေတ်မီသည့် ကုန်အမှတ် တံဆိပ်ဖြစ်သော Honor မှ အရှေ့တောင်အာရှဒေသတွင် ဈေးကွက်ချဲ့ထွင်မှု တစ်ခု အဖြစ် မြန်မာနိုင်ငံတွင် ၎င်း၏ ပထမဆုံးသော flagship store ကို ဖွင့်လှစ်ခဲ့ပြီး အရည်အသွေးမြင့် စမတ်ဖုန်းများ ဖြစ်သည့် Honor 7X, Honor V9 Play, Honor 6X နှင့် Honor Holly 6 တို့အား မိတ်ဆက်ခဲ့သည်။

"ယခင်လက မလေးရှားနိုင်ငံမှာ ကျွန်တော်တို့ရဲ့ ကုန်ပစ္စည်းတွေကို စတင်ဖြန့်ချိခဲ့ပြီး ဒီနေ့မှာတော့ Honor ရဲ့ နောက်ထပ် အရှေ့တောင်အာရှ ဈေးကွက်ချဲ့ထွင်မှု ခြေလှမ်းတစ်ရပ်ကို ပြုလုပ်နိုင်ခဲ့ပါတယ်။" ဟု Honor ၏ ဥက္ကဌ ဖြစ်သူ George Zhao မှ ပြောကြားခဲ့သည်။ " ကျွန်တော်တို့ အနေနဲ့ ဒီလို ဖွံ့ဖြိုးတိုးတက်နေတဲ့ ဈေးကွက်တစ်ခုမှာ စတင်လုပ်ကိုင်နိုင်ခဲ့တဲ့ အတွက် အရမ်းကို ဝမ်းမြောက်မိပါတယ်။ ဒစ်ဂျစ်တယ် အသုံးပြုသူများအတွက် ဆန်းသစ်မှု အပြည့်ရှိပြီး ခေတ်မီတဲ့ ကုန်အမှတ်တံဆိပ်တစ်ခု ဖြစ်တာနဲ့ အညီ Honor အနေနဲ့ ပြိုင်ဘက်ကင်းတဲ့ ထုတ်ကုန်တွေကို ဈေးနှုန်းသက်သာစွာနဲ့ မြန်မာနိုင်ငံက အသုံးပြုသူတွေဆီ အရောက် ပို့ဆောင်ပေးသွားဖို့ ရည်ရွယ်ထားပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကျွန်တော်တို့ရဲ့ ခေတ်မီဆန်းသစ်မှု အပြည့်ရှိတဲ့ ကုန်ပစ္စည်းတွေကို အရှေ့တောင်အာရှမှာ ရှိတဲ့ ပရိသတ်တွေဆီ ရောက်ရှိအောင်နဲ့ တစ်ကမ္ဘာလုံးမှာလည်း အသုံးပြုမှု မြင့်မားလာအောင် အရှိန်မြှင့် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။"

### *Honor 7X – Honor ၏ ပထမဆုံး FullView Display ပါဝင်သည့် စမတ်ဖုန်း*

**အံ့အားသင့်လောက်ဖွယ် FullView Display**

အံ့အားသင့်လောက်ဖွယ် FullView Display၊ မျက်နှာပြင် ထောင့်ဖြတ် အကျယ် ၅.၉၃ လက်မနှင့် bezel-less မျက်နှာပြင် ဒီဇိုင်းများ ပါဝင်သည့် Honor 7X သည် မြင့်မားသော ရုပ်ထွက် အရည်အသွေးနှင့် အသင့်တော်ဆုံးသော မျက်နှာပြင်နှင့်ကိုယ်ထည် အချိုးအစား ပါရှိသည့် အတွက် ချောမွေ့ပြောင်လက်ပြီး ကျစ်လစ်သည့် ဖုန်းမျက်နှာပြင်ပေါ်တွင် ကြည်လင်ပြတ်သားသည့် ပုံရိပ်များအား ကြည့်ရှုနိုင်မည်ဖြစ်သည်။ ၎င်း၏ ၁၈:၉ မျက်နှာပြင်သည် အလွန်ကောင်းမွန်သည့် ရုပ်ထွက် အရည်အသွေးအား ရရှိစေမည် ဖြစ်ပြီး အထူးသဖြင့် မိုဘိုင်းဂိမ်းများအား ကြိုက်နှစ်သက်သည့် အသုံးပြုသူများ အကြိုက်တွေ့စေမည် ဖြစ်သည်။ ထို့အပြင် ဤ စမတ်ဖုန်း တွင် Split Screen (မျက်နှာပြင်ပေါ်တွင် တစ်ချိန်တည်း၌ အက်ပလီကေးရှင်း ၂ ခု အသုံးပြုနိုင်သော) လုပ်ဆောင်ချက်လည်း ပါဝင်မည် ဖြစ်သည်။

**အလွန်ကောင်းမွန်သော ဓာတ်ပုံရိုက်ကူးမှု လုပ်ဆောင်ချက်**

ဤ စမတ်ဖုန်းတွင် 16 MP + 2MP Dual-lens ပါဝင်သည့် နောက်ကင်မရာသည် ကြည်လင်ပြတ်သားမှု အရှိဆုံး ပုံရိပ်များနှင့် မြင်ကွင်းများအား ရိုက်ကူးသိမ်းဆည်းပေးနိုင်မည် ဖြစ်သည်။ Phase Detection Auto Focus (PDAF) စနစ်နှင့် နောက်ဆုံးပေါ် လုပ်ဆောင်ချက်များ ပါဝင်သည့်အတွက် ၎င်းသည် ပုံရိပ်များအား ၀.၁၈ စက္ကန့်အတွင်း ကြည်လင်ပြတ်သားမှု ရရှိအောင် စွမ်းဆောင်ပေးနိုင်မည် ဖြစ်သည်။ ထို့အပြင် ပုံရိပ်များအား DSLR အဆင့် depth of field effect ရရှိစေရန် ပြုလုပ်ပေးနိုင်သည့် Aperture (F/0.95 – F/16) ပါဝင်သည့် အတွက် Honor 7X အသုံးပြုသူတိုင်းသည် အလွန်ကောင်းမွန်သော ဓာတ်ပုံများအား ရိုက်ကူးနိုင်မည် ဖြစ်သည်။

**အခြားပါဝင်သည့် အထူး လုပ်ဆောင်ချက်များ**

ထို့အပြင် ဤစမတ်ဖုန်းတွင် အခြားသာ သာလွန်ကောင်းမွန်သည့် လုပ်ဆောင်ချက်များလည်း ပါရှိသည်။ ၎င်းအား 2.36 GHz ရှိ octal-core Kirin 659 processor နှင့် ထောက်ပံ့မှု ပေးထားသည့် အပြင် 4GB RAM နှင့် EMUI5 များပါရှိသည်။ ထို့အပြင် ပိုမိုကောင်းမွန်သော အသုံးပြုမှု အတွေ့အကြုံအား ရရှိနိုင်စေရန်အတွက် အဆိုပါ စနစ်အား မကြာမီတွင် နောက်ဆုံးပေါ် EMUI 8.0 စနစ်သို့ အဆင့်မြှင့်တင်ပေးသွားမည် ဖြစ်သည်။ ထိုသို့ အဆင့်မြှင့်တင်ပေးသွားမည့် အတွက် အသုံးပြုသူများသည် multi-tasking (တစ်ချိန်တည်းတွင် လုပ်ဆောင်ချက် တစ်ခုထက်ပို၍ လုပ်ဆောင်ခြင်း) နှင့် ဂိမ်းကစားခြင်းများတွင် အကောင်းမွန်ဆုံး လုပ်ဆောင်ချက်များအား ပြုလုပ်နိုင်မည် ဖြစ်ပြီး လူကြိုက်အများဆုံး အက်ပလီကေးရှင်းများကိုလည်း အထစ်အငေါ့ မရှိ အသုံးပြုနိုင်မည် ဖြစ်သည်။ ပိုမိုကျယ်ပြန့်သော FullView Display ပါရှိသော်လည်း Honor 7X ၏ 3,340 mAh ဘက်ထရီသည် တစ်ခါအားသွင်းရုံဖြင့် တစ်ရက်ကျော်ကြာ အသုံးပြုနိုင်မည် ဖြစ်သည်။ Honor 7X အား မြန်မာနိုင်ငံတွင် ၃၂၉,၀၀၀ ကျပ်ဖြင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူ ရရှိနိုင်မည် ဖြစ်သည်။

***Honor V9 Play - ရိုးရှင်းသော စကင်ဒီနေးဗီးယန်း စတိုင် စမတ်ဖုန်း***

**လှပမှု အပြည့်ရှိသော အဆင့်မြင့် touch မျက်နှာပြင်**

Honor V9 Play သည် ချောမွေ့တောက်ပသော စမတ်ဖုန်း ကိုယ်ထည် ပါရှိပြီး 2.5 ဒီဂရီ ကွေးညွတ်ထားသည့် အနောက်ဖက် မျက်နှာပြင်နှင့် အချိုးအစား ကျနစွာ ဆက်စပ်သွားသည့် မျက်နှာပြင် အနားသတ်ထောင့်ကွေး ၄ ခု ပါရှိသည်။ ထိုသို့ ခေတ်မီဆန်းသစ်သော အနောက်ဖက် မျက်နှာပြင် ဒီဇိုင်းသည် အလွန်တိကျစွာ အသေးစိတ် အချိုးအစား ကျကျနနဖြင့် ပြုလုပ်ထားသည့် အတွက်ကြောင့် ဖြစ်ပြီး အလွှာ ၈ လွှာပါဝင်သည့် coating အဆင့်၊ ဆန်းသစ်သော ထုတ်လုပ်မှု အဆင့် ၁၃ ဆင့် နှင့် တစ်စတုရန်း မီလီမီတာတွင် လေဆာဖြင့် အသေးစိတ် ဒီဇိုင်းရေးဆွဲမှု အဆင့် ၃၀၀ ဖြင့် ပြု ပြုလုပ်ထားခြင်း ဖြစ်သည်။

**အလွန်ကောင်းမွန်သော ပုံရိပ်တည်ငြိမ်မှု လုပ်ဆောင်ချက်**

13 MP ရှိ နောက်ကင်မရာနှင့် F2.2 wide aperture ပါရှိသည့် အတွက် Honor V9 Play စမတ်ဖုန်းသည် မည်သို့သော အချိန်မှာပင် ဖြစ်စေ၊ လိုက်လျောညီထွေစွာ ဓာတ်ပုံများအား ရိုက်ကူးနိုင်မည်ဖြစ်သည်။ food mode, low-light HDR mode, watermark effects နှင့် များစွာသော လုပ်ဆောင်ချက်များ ပါရှိသည့်အတွက် အသုံးပြုသူများသည် မည်သည့် အချိန်တွင်မဆို အဆင်ပြေ လွယ်ကူစွာ ဓာတ်ပုံရိုက်ကူးနိုင်မည် ဖြစ်သည်။ 8 MP ရှေ့ကင်မရာသည်လည်း selfie ရိုက်ကူးရာတွင် ကြည်လင်ပြတ်သားမှု အပြည့် ရရှိစေမည် ဖြစ်ပြီး ချိန်ညှိနိုင်မှု အဆင့် ၁၀ ဆင့် ပါရှိသည့်အတွက်လည်း ရိုက်ကူးသူ၏ အသားအရေအား သဘာဝအတိုင်း လှပမှု အပြည့် ရရှိစေမည် ဖြစ်သည်။

**ပိုမိုအဆင်ပြေ လွယ်ကူသော အသုံးပြုမှု အတွေ့အကြုံ**

စွမ်းဆောင်ရည် မြင့်မားသော octa-core processor ပါဝင်သည့် ဤ စမတ်ဖုန်းသည် မည်သည့် အခြေအနေတွင်မဆို အကောင်းမွန်ဆုံးသော စွမ်းဆောင်ရည်အား ရရှိစေနိုင်မည် ဖြစ်သည်။ အဆိုပါ စမတ်ဖုန်းအား သက်သာသော ဈေးနှုန်းတစ်ရပ် ဖြစ်သည့် ၁၈၉,၀၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။ လုပ်ဆောင်ချက် စနစ်ပေါင်း ၂၀၀၀ ကျော် ပါရှိပြီး စမ်းသပ်သုံးစွဲမှုပေါင်း ၁၀၀ ကျော် ပြုလုပ်ထားပြီး ဖြစ်သည့် EMUI 5.1 စနစ် အသစ်သည် မြင့်မားသော လုပ်ဆောင်ချက်များနှင့် အကောင်းမွန်ဆုံးသော စွမ်းဆောင်ရည်များ ရရှိစေမည် ဖြစ်သည့် အတွက် အသုံးပြုသူများ အတွက် ပိုမို အဆင်ပြေ လွယ်ကူစေမည် ဖြစ်သည်။

honor
FOR THE BRAVE

***Honor 6X - ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုလိုသူများအတွက် အသင့်တော်ဆုံး စမတ်ဖုန်း***

**<u>စွမ်းအားမြင့် dual-lens ကင်မရာ</u>**

ဈေးနှုန်းအားဖြင့် ၂၁၉,၀၀၀ ကျပ်သတ်မှတ်ထားသည့် Honor 6X သည် စွမ်းဆောင်ရည် မြင့်မားပြီးအကြမ်းခံသည့် ဖုန်းတစ်လုံး ဖြစ်ပြီး က မ္ဘာတဝန်းကို လည်ပတ်လေ့လာလိုသော လူငယ်တို့၏ ဘဝကို မြှင့်တင်ပေးနိုင်မည့် ထိပ်တန်း လုပ်ဆောင်ချက် များ ပါဝင်သည်။ Dual-lens 12MP + 2MP rear ကင်မရာနှင့် wide aperture (F/0.95) ပါဝင်ပြီး Honor 6X သည် professional ကျသော background blur ကိုဆောင်ရွက်ပေးနိုင်သည့်အတွက် မိမိရိုက်သည့် ဓာတ်ပုံမှာ ထင်ရှားနေမည် ဖြစ်သည်။ 1.25um pixel အရွယ်အစားကိုလည်း ထ ည့်သွင်းထားသည့်အတွက် Honor 6X သည် အလင်းရောင်နည်းပါးသော low-light setting များတွင် လည်း အရည်အသွေးမြင့် ရုပ်ပုံများကို ရယူနိုင်မည် ဖြစ်သည်။

**<u>ခိုင်မြဲကောင်းမွန်သော စွမ်းဆောင်ရည်</u>**

Kirin 655 ဖြင့် octa-core architecture ကို တည်ဆောက်ထားသည့် Honor 6X သည် အသုံးပြုသူများ အတွက် တုန့်နှေးမှုမရှိစေသည့် စမတ်ဖုန်း အတွေ့အကြုံကို ပေးစွမ်းနိုင်မည် ဖြစ်သည်။ Kirin 655 တွင် 2.1GHz ဖြင့် core ၄လုံးပါဝင်ပြီး 1.7GHz ဖြင့် နောက်ထပ် core ၄ လုံးပါရှိသည်။ RAM ပမာဏမှာ 3GB ပါရှိပြီး co-processer မှာ စွမ်းဆောင်ရည်မြင့် i5 ဖြစ်သည်။ ဤ အချက်သည် Honor 6X အား ဂိမ်းကစားခြင်း၊ အင်တာနက်ကြည့်ရှုခြင်း၊ သီချင်းနားထောင်ခြင်း သို့မဟုတ် app အမျိုးမျိုးကို တပြိုင်နက် ဖွင့်ထားခြင်း စသည်တို့ကို အစဉ်ချောမွေ့စွာ ဆောင်ရွက်စေ နိုင်မည် ဖြစ်သည်။

**<u>ဘက်ထရီကြာရှည်ခံခြင်း</u>**

စွမ်းအားမြင့် 3340 mAh ရှိသည့် ဘက်ထရီကို ထည့်သွင်းထာသည့် Honor 6X သည် ဘက်ထရီအသုံးပြုမှု ကြာရှည်ခံခြင်း ကို ပေးစွမ်းနိုင်သည်။ 16nm CPU နှင့်တွဲဖက်ထားသည့် စွမ်းအင်အသုံးပြုမှု ချွေတာသည့် နည်းပညာ (power saving technology) တို့ကြောင့် စွမ်းအင် အသုံးပြုမှုကိုလည်း လျော့ချပေးနိုင်ခဲ့သည်။ တခါအားသွင်းရုံဖြင့် Honor 6X သည် ၂.၁၅ ရက်ထိ ပုံမှန် အသုံးပြုနိုင်ပြီး အသုံးပြုမှု များပြားပါက ၁.၅၄ ရက်ထိ ဘက်ထရီကြာရှည်ခံမည် ဖြစ်သည်။

***Honor Holly 6 – Honor ၏ ဈေးနှုန်းအချိုသာဆုံး စမတ်ဖုန်း***

**<u>ပိုမိုကြာရှည်ခံပြီး အကြမ်းခံသည့် ဘက်ထရီ</u>**

ဘက်ထရီတွင် 3020 mAh ပါဝင်ပြီး Honor ၏ smart power saving technology ထည့်သွင်းထားသည့် အတွက်ကြောင့် Honor Holly 6 အား တစ်ခါ အားသွင်းရုံဖြင့် video streaming ပြုလုပ်ပါက ၁၃ နာရီထိ ခံမည်ဖြစ်ပြီး သီချင်းနားထောင်ပါက ၆၈ နာရီထိ ကြာရှည်ခံမည် ဖြစ်သည်။ Honor Holly 6 ၏ ဘက်ထရီကို ရေရှည်အသုံးပြုနိုင်ရန်၊ အကြမ်းခံနိုင်ရန် တည် တည်ဆောက်ထားပြီး ဘက်ထရီ အားသွင်းမှုအကြိမ်အရေအတွက်၈၀၀ ကျော် အသုံးပြုပြီးသည့်အချိန်တွင်ပင် ဘက်ထရီ၏ စွမ်းဆောင် ရည်မှာ ၈၀ ရာခိုင်နှုန်းထက်များနေဦးမည် ဖြစ်သည်။

**<u>အလှပဆုံး ဓာတ်ပုံများကို ရယူလိုက်ပါ</u>**

f/2.0 aperture ဖြင့် Honor Holly 6 ၏ 8 MP rear ကင်မရာသည် ဓာတ်ပုံရိုက်ရန် ခ က်ခဲသည့် အခြေအနေများတွင်ပင် အဆင့်မြင့် အရည်အသွေးရှိ ရုပ်ပုံများကို ရယူနိုင်မည် ဖြစ်သည်။ ထို့အပြင် ရှေ့ကင်မရာသည်လည်း 5 MP နှင့် 84-degree wide angle ပါဝင်သောကြောင့် မိမိ၏ ရုပ်ပုံများကို ပြန်လည် ရိုက်ကူးရာတွင် နည်းလမ်းအသစ်များရှာဖွေနိုင်မည် ဖြစ်သည်။

**အခြားပါဝင်သည့် အထူး လုပ်ဆောင်ချက်များ**

Resolution 720x1280 pixels နှင့် 5.0" display ပါဝင်သော Honor Holly 6 သည် ကြည်လင်ပြတ်သားသော ဓာတ်ပုံများကို ရိုက်ကူးနိုင်ပြီး ဈေးနှုန်းအားဖြင့် အချိုသာဆုံးဖြစ်သည့် ၁၂၉,၀၀၀ ကျပ်သာ ကျသင့်မည် ဖြစ်သည်။ ဒီ ဒီဇိုင်းအားဖြင့် ပြောရ လျှင် Honor Holly 6 ၏ ခုံးဝိုင်းသော ထောင့်များကြောင့် အသုံးပြုသူ၏ လက်ထဲတွင် သက် သက်တောင့်သက်သာစွာ ကိုင်ဆောင်နိုင်မည် ဖြစ်သည်။ ဖုန်းတွင် texture ထည့်သွင်းထားသည့် back cover ပါဝင်ပြီး ကိုင်ဆောင်ရသည်မှာ ပိုးသားများအသွင် ညက်ညောမှုရှိလှသည်။

Honor 7X ၊ Honor V9 Play ၊ Honor 6X နှင့် Honor Holly 6 တို့ကို ဇန်နဝါရီလ ၂၈၊ ၂၀၁၈ တွင် စတင်ရရှိမည် ဖြစ်သည်။ ရ ရန်ကုန်မြို့၊ အမှတ် ၁၃၉၊ လသာလမ်း (အလယ်ဘလောက်)၊ လသာမြို့နယ်ရှိ Honor ၏ flagship store တွင် လာရောက်လေ့လာနိုင်ပါသည်။

**Honor အကြောင်း**

Honor သည် smartphone e-brand တွင် ဦးဆောင်နေသူဖြစ်ပြီး Huawei Group ၏ လက်အောက်တွင်ရှိသည်။ ၎င်း၏ ဆောင်ပုဒ် "For the Brave" ဆိုသည့်အတိုင်း လူငယ်များ၎င်းတို့၏ စိတ်ကူးအိမ်မက်များကို ဖော်ဆောင်နိုင်စေရန် သာလွန်ကောင်းမွန်သော အတွေ့အကြုံများ၊ ဆောင်ရွက်မှုကို အားပေးအားမြှောက်ပြုကာ တီထွင်စမ်းသစ်မှုများကို ပေးစွမ်းနိုင်သည့် ထုတ်ကုန်ပစ္စည်းများကို အစဉ်တစိုက် တီထွင် ထုတ်လုပ်လျက်ရှိသည်။ ဤသို့ တီထွင်ထုတ်လုပ်ခြင်းအားဖြင့် Honor သည် အခြားသောအမှတ်တံဆိပ်များနှင့်မတူဘဲ အသုံးပြုသူများအတွက် နောက်ဆုံးပေါ် နည်းပညာများနှင့် တီထွင်မှုများကို အစဉ်အမြဲပေးစွမ်းနေသည်။

For more information, please visit Honor online at www.hihonor.com / www.hihonor.com/mm/index.html or follow us on:

https://www.facebook.com/honorglobal/

https://www.facebook.com/HonorMyanmar/

https://twitter.com/Honorglobal

https://www.instagram.com/honorglobal/

https://www.youtube.com/honorglobal

**မီဒီယာများ ဆက်သွယ်ရန်**

Burson-Marsteller Hong Kong

Miranda Xie

miranda.xie@bm.com

Eliza Cheung

eliza.cheung@bm.com